# ပြုပြင်ပြောင်းလဲရေးကို အသက်သွင်းပေးခြင်း

YR C
NO. 33

အလွတ်ကျမ်းချက်။ ။ ရှင်လုကာခရစ်ဝင် ၁၆း၁၃

“အဘယ်အစေခံမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တစ်ဦးကိုမုန်း၍ တစ်ဦးကိုချစ်မည်။ သခင်တစ်ဦး မှီခို၍ တစ်ဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏ အစေကိုငင်း၊ လောကီစည်းစိမ်၏အစေကိုငင်း မခံနိုင်ကြဟု မိန့်တော်မူ၏။”





## တနင်္ဂနွေနေ့ ၊ တစ်ဝက်ပဋိညာဉ်(၁) ၁

ကျွန်ုပ်တို့ဖြတ်သန်းသွားရမည့်အရာကို ပျူရီတန်များ၏ အတွေ့အကြုံမှ နောက်ထပ်သင်ခန်းစာတစ်ခု ရှိပါသည်။ ၎င်းမှာ "တစ်ဝက်ပဋိညာဉ်" ၏ဝမ်းနည်းဖွယ်ကောင်းသော အကြောင်းအရာဖြစ်ပါသည်။

အမေရိကသို့ ထွက်ပြေးလွတ်မြောက်သွားသည့်ပျူရီတန်များသည် နှိပ်စက်ညှဉ်းပန်းမှုကို မကြုံခဲ့ရပါ။ မကြာခဏဖြစ်လေ့ဖြစ်ထရှိသော ဤကြီးမားသောကောင်းချီးသည်၊ ၎င်းကို ပေါ့ပေါ့တန်တန်သဘောထားပြီး စတင်ခံစားခဲ့ရသူများအတွက် ကျိန်စာဖြစ်လာခဲ့သည်။ တဖြည်းဖြည်းနဲ့ ပျူရီတန်၏သားသမီးများနှင့် မြေးများ၏အာရုံစူးစိုက်မှုသည် ဝိညာဉ်ရေးရာများမှ သင်ထင်မြင်သည့်အတိုင်း သူတို့သည် ငွေကို တက်မက်လာခဲ့ကြသည်။ ပေါလုသည် ဤကျမ်းချက်ကို အဘယ်ကြောင့်ရေးခဲ့သည်ဟု သင်ထင်သနည်း။ တိမောသေဩဝါဒစာ ပဌမစောင် ၆း၁၀။

ဘုရားဖူးသူများ (Pilgrims) သည် ပလိုင်မော့ထ် (Plymouth Rock) တွင် ဆိုက်ရောက်ခဲ့ပြီး၊ ၂၂ နှစ်အကြာ ၁၆၆၂ ခုနှစ်တွင် များစွာသော Pilgrim တို့၏သားသမီးများနှင့်မြေးများတို့သည် အသင်းတော်သို့ တရားဝင် မဝင်လာခဲ့ကြပေ။ သို့သော် ပျူရီတန်များသည် ကက်သလစ်၏ကလေးငယ်များအား နှစ်ခြင်းပေးသည့် အကျင့်ကိုကျင့်သုံးခဲ့ကြသောကြောင့် သူတို့ကလေးများအားလုံးသည် နှစ်ခြင်းခံခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူတို့သည် အသင်းဝင်များဖြစ်မည်လား သို့မဟုတ် မဖြစ်ဘူးလား။



သမ္မာကျမ်းစာကို အခြားလွဲမှားနားလည်ခြင်းက ထိုမေးခွန်းကို ရှုပ်ထွေးစေခဲ့ပါသည်။ ပျူရီတန်များသည် “ကြိုတင်သတ်မှတ်ထားခြင်း” (ဖြစ်ပျက်သမျှသည် ဘုရားသခင်ကြိုတင်ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟူသော အယူအဆ) ဟု ခေါ်သောအယူအဆကို ယုံကြည်ခဲ့ကြပြီး၊ ၎င်းသည် လူတစ်ဦးအား ကယ်တင်ခြင်းသို့ရောက်သည် သို့မဟုတ် မရောက်သည်ကို ဘုရားသခင်ကသာ ဆုံးဖြတ်သည်ဟု ပြောဆိုခဲ့ကြသည်။ တနည်းအားဖြင့် ပြောမည်ဆိုလျှင် ဘုရားသခင်သည် သင်ကကောင်းကင်ကို သွားနေသည်၊ ၎င်းက သင့်အတွက် ဘုရားသခင် လုပ်ဆောင်ပေးသောအရာအားလုံးဖြစ်သည်။ သင်က ရှုံးနိမ့်စေလိုရင်တောင်မှ သင့်ကို ဆုံးရှုံးနိုင်မှာမဟုတ်ဘူး။ အကယ်၍ ဘုရားသခင်က သင့်ကိုရှုံးနိမ့်မည်ဆိုပြီး ဆုံးဖြတ်လိုက်လျှင် ထိုအကြောင်းနှင့်ပတ်သတ်၍ သင်ဘာမှမလုပ်နိုင်တော့ဘူးဟု ဆိုလိုခြင်းဖြစ်သည်။

ပျူရီတန်များ၏သားသမီးတို့သည် ကယ်တင်ခြင်းသို့ရောက်ခြင်းနှင့် ဆုံးရှုံးခြင်းအကြောင်းနှင့်ပတ်သက်၍ သူတို့သည် မည်သည့် အရာမှ မလုပ်နိုင်ဟု သင်ကြားပေးခြင်းခံခဲ့ကြရသည်။ ထို့ကြောင့် သူတို့သည် သဘာဝအလိုအလျောက်အားဖြင့် ဘာမျှမလုပ်နိုင်ပေ၊ သို့သော် သူတို့သည် ကယ်တင်ခြင်းရရန် ရွေးချယ်ခြင်းရှိ၊ မရှိပြသရန် ဘုရားသခင်အား စောင့်ဆိုင်းခြင်းဖြစ်သည်။

သူတို့သည် အမှန်တကယ်ပြောင်းလဲခြင်းအားဖြင့် အသင်းတော်သို့မဝင်ရောက်မီ ကယ်တင်ခြင်းခံရသူများဖြစ်ကြောင်း ပြသရန် လိုအပ်သောကြောင့် သူတို့ထဲမှ အနည်းငယ်မျှသာ ဝင်ခဲ့သည်။ ယင်းက သူတို့၏မိဘများမည်သို့ခံစားခဲ့ရကြောင်း သင်မြင်ယောင် ကြည့်နိုင်ပါသလား။

အလွန်ပင် ရှုပ်ထွေးလွန်လှပါသည်။ သမ္မာကျမ်းစာကို မှန်ကန်စွာနားလည်ရန် အဘယ်ကြောင့်အရေးကြီးသည်ကို သင်မြင်နိုင်ပါသလား။ အနည်းငယ်သောနားလည်မှုလွဲမှားခြင်းသည်ပင် ကြီးမားသောပြဿနာများကို ဖြစ်စေနိုင်ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** သားသမီးတို့သည် သူတို့၏မိဘများအတွက် အဘယ်မျှလောက်အရေးကြီးကြောင်းကို ဘယ်တော့မှ မမေ့ပါနှင့်။ သုတ္တံကျမ်း ၁၅း၂၀၊ ၁၇း၂၁၊ ၂၃း၁၅၊ ၁၆၊ ၂၄၊ ၂၅။

## တနင်္လာနေ့ ၊ တစ်ဝက်ပဋိညာဉ် (၂) ၂

"ကြိုတင်သတ်မှတ်ထားခြင်း" ၏မှားယွင်းသောအယူအဆ အတွေးအခေါ်ကြောင့် လူအများက ဘုရားသခင်တစ်စုံတစ်ခုလုပ်မည်ကိုသာ စောင့်ဆိုင်းနေကြသည်။ ဟုတ်ပါသည်၊ ပျူရီတန်တို့၏ သားသမီးများတို့သည် အသင်းတော်ထဲသို့ မဝင်လာခဲ့ကြပေ။ အဘယ်သို့ပင်ဖြစ်စေ သူတို့သည် အနေးနှင့်အမြန်ကယ်တင်ခြင်းသို့ရောက်ခဲ့မည်ဆိုလျှင် အသင်းတော်ထဲသို့ အဘယ်ကြောင့် ပူးပေါင်းသင့်သနည်း။ ဒါမှမဟုတ် အဘယ်သို့ပင်ဖြစ်စေ သူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ခဲ့မည်ဆိုလျှင် အဘယ်ကြောင့် နှောင့်ယှက်သင့်သနည်း။

ထိုအရာကို နားလည်ဖို့ရန် သမ္မာကျမ်းစာက မည်သို့မိန့်တော်မူထားသနည်း။ ဖိလိပ္ပိဩဝါဒစာ ၂း၁၂၊ ၁၃၊ ၄း၁၃၊ ရှင်ပေတရု ဩဝါဒစာ ၁း၅-၁၁။

“ယခုတွင် သူတို့သည် ကြောက်ရွံ့စိတ်၊ မာနထောင်လွှားခြင်း၊ အမျက်ဒေါသနှင့် လက်စားချေခြင်းတို့မှ လွတ်မြောက်ခြင်း ရှိမရှိကြိုးစားရန် အခွင့်အလမ်းရှိခဲ့သည်။ သူတို့သည် ဆာလံ ၂၃ ကို သီဆိုစတင်သီဆိုစဉ်တွင်၊ ပင်လယ်သည် သင်္ဘောကို ကျိုးပဲ့စေပြီး ရေစီးကြောင်းသည် အပိုင်းပိုင်းဝင်ကာ သင်္ဘောကို ဖုံးလွှမ်းသွားသည်။ နက်နဲသော ပင်လယ်နက်ကြီးသည် ငါတို့ကိုမျိုချမိသကဲ့သို့ ကုန်းပတ်များကြားတွင် ငါတို့ကို သွန်းလောင်းခဲ့သည်။ အင်မတန်ကြောက်စရာကောင်းသော အော်ဟစ်သံက အင်္ဂလိပ်များကြားမှာပဲ စတင်ခဲ့၏။ သို့သော် မော်ရဗီးယားတို့သည် ငြိမ်သက်စွာ သီချင်းဆိုခဲ့ကြ၏။”



“ထို့နောက် ငါသည် သူတို့ထဲမှ တစ်ယောက်ကို ‘သင်သည် အဘယ်ကြောင့် မကြောက်သနည်း’ ဟု မေးခဲ့သည်။ သူဖြေလိုက်သည်မှာ ‘မကြောက်ပါ၊ ဘုရားသခင်ကို ကျေးဇူးတင်သည်’ ဟု ဖြေကြားခဲ့သည်။ ငါကလည်း ‘သင်တို့၏မိန်းမများနှင့် သားသမီးများရော မကြောက်ဘူးလား’ ဟု မေးခဲ့ပြန်၏။ သူတို့က ‘သူတို့လည်း မကြောက်ပါ၊ ငါတို့၏မိန်းမများနှင့် သားသမီးများသည် သေမှာကို မကြောက်ရွံ့’ ဟု ပြန်ကြားခဲ့သည်။” သူ၏သတင်းဂျာနယ်၌ ဤကဲ့သို့ ရေးသားခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ခရစ်ယာန်တစ်ဦးသည် အဘယ်ကြောင့် ကြောက်ရွံ့သင့်သနည်း။ သို့မဟုတ် ပိုကောင်းသည်မှာ ခရစ်ယာန်တစ်ဦးအနေဖြင့် အဘယ်ကြောင့် မကြောက်ရွံ့သင့်သနည်း။ ရောမဩဝါဒစာ ၁၄း၈။

## သောကြာနေ့ ၊ ဧဝံဂေလိအမှုဆောင် ဝစ်ဆလီ ၄

၎င်းသည် ဝန်ခံဖို့ရန် အရှက်တကွဲ အကျိုးနည်းဖွယ်ရာ ဖြစ်နေသော်ငြားလည်း ဂျွန်ဝစ်ဆလီသည် မော်ရဗီးယားတို့မှာ သူ၌ မရှိသည့် ဘုရားသခင်ကို ကိုးစားခြင်းနှင့် ငြိမ်သက်ခြင်းရှိနေသည်ကို သူသိခဲ့ရသည်။ အမျိုးသမီးများနှင့် ကလေးငယ်များ တည်ငြိမ်အေးဆေးစွာ သီချင်းဆိုခြင်းအားဖြင့်၊ သူသည် မိမိအသက်အတွက် ကြောက်ရွံ့နေစဉ် သူတို့၏ငြိမ်သက်စွာသီဆိုခြင်းသည် ၎င်းကို လုံးဝ ရှင်းလင်းစေခဲ့သည်။

သုံးနှစ်ကြာပြီးနောက်၊ မော်ရဗီးယားသင်းအုပ်ဆရာနှင့် လေ့လာမှုပြုပြီးသည်အထိ၊ ဝစ်ဆလီသည်လည်း အလားတူ ယုံကြည် ကိုးစားမှုမျိုးကို ရရှိခဲ့သည်။ နောက်ဆုံး၌ သူ၏ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများသည် မည်မျှတန်ဖိုးရှိသည်ကို သူသိမြင်လာသောအခါ သူသည် သခင်ယေရှုကို အမှန်တကယ်ချစ်ကြောင်း သိရှိမြင်တွေ့ခဲ့သည်။ သူသည် ယေရှုက သူ့ကိုခွင့်လွှတ်ပြီး သူ၏အသက်တာကဏ္ဍတိုင်းအတွက် ရိုးရိုးရှင်းရှင်းယုံကြည်စိတ်ချနိုင်ကြောင်း တွေ့မြင်ခဲ့သည်။ ထိုနေ့မှစ၍ ဂျွန်ဝစ်ဆလီသည် ယခင်က အသက်တာနဲ့ မတူတော့ချေ။

အင်္ဂလန်အသင်းတော်သည် ထိုအချိန်၌ သမရိုးကျဖြစ်ပြီး အသက်မဲ့လုဖြစ်ခဲ့သည်။ အဆင့်မြင့်လူတန်းစားများသည် သူတို့၏ ချမ်းသာကြွယ်ဝမှုကိုရရှိဖို့ရန်နှင့် ကာကွယ်ဖို့ရန်သာ သူတို့၏အချိန်အများစုကို ပေးခဲ့ကြသည်။ နိမ့်ကျသောလူတန်းစားများမှာ အလွန်ဆင်းရဲပြီး ပညာရေးလည်းနည်းပါးခဲ့ကြသည်။ ယေဘုယျအားဖြင့် အင်္ဂလိပ်လူမျိုးများသည် ဘုရားသခင်အကြောင်း အနည်းငယ်သာ သိခဲ့ကြသောကြောင့် တိုင်းပြည်သည် နာမည်အရမဟုတ်သော်လည်း တပါးအမျိုးသားများနီးပါး ဖြစ်ခဲ့သည်။

ဂျွန်ဝစ်ဆလီသည် ထိုအရာကို ပြောင်းလဲရန် ထွက်ခွာခဲ့သည်။ သို့သော် မကြာမီ၌ပင် သူသည် အသင်းတော်များတွင်မဟောပြောရန်တားမြစ်ခံခဲ့ရသည်။ သာသနာပြုများက သူသည် အရာရာကိုလှုံ့ဆော်ပေးနေသည်ဟု ခံစားခဲ့သည်။ မှန်ပါသည်။ ထိုအရာသည် သူ လုပ်ချင်ခဲ့သောအရာဖြစ်သည်။

နောက်ဆုံးတွင် ဝစ်ဆလီသည် ခရစ်ယာန်အသင်းတော်မရှိသည့် နေရာမှာ သူငယ်ချင်းတစ်ယောက်၏အကြံဉာဏ်ကိုယူပြီး နေရာတိုင်း၊ မည်သည့်နေရာတွင်မဆို တရားကို ရိုးရိုးလေးစတင်ဟောပြောခဲ့လေသည်။ လယ်ကွင်းတစ်ခု၊ စပါးကျီ၊ ပုဂ္ဂလိကအိမ်၊ လမ်းထောင့်စသည်နေရာတို့တွင် ဟောပြောခဲ့လေသည်။ ၎င်းတို့သည် ခြားနားမှုမရှိပါ။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၉း၁၆။

ဂျွန်ဝစ်ဆလီသည် နှစ်စဉ်နှစ်တိုင်း သူ၏မြင်းကို မိုင် ၄၅၀၀ ခန့်စီး၍၊ သူသွားနိုင်သည့်အတိုင်း မြို့တိုင်းနှင့်ရွာတိုင်းသို့ အလည်အပတ်သွားခဲ့သည်။ သူသည် တစ်နေ့လျှင် အမြဲလိုလို နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် ဟောပြောခဲ့သည်။ ထို့အပြင် သူသည် ဘာသာပြောင်းဝင်သူများ၏သုခချမ်းသာအတွက် သူ၏စိုးရိမ်ပူပန်မှုအားဖြင့် မက်သဒစ်အသင်းတော် (Methodist Church) ကို မတော်တဆ ဖန်တီးတည်ထောင်ခဲ့သည်။ “မက်သဒစ်” ဟူသောစကားလုံးမှာ စော်ကားမှုတစ်ခုဟု အဓိပ္ပါယ်ရသည်။ ဝစ်ဆလီသည် ခရစ်ယာန်များအား အသက်ရှင်ရန်တိုက်တွန်းအားပေးသည့် သူ့၏ဂရုစိုက်ပုံကို ၎င်းက တိကျစွာဖော်ပြထားသည်။

၁၇၉၁ တွင် သက်တမ်းရှည်အမှုတော်တာဝန်ထမ်းဆောင်ပြီးနောက် ဝစ်ဆလီသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက မော်ရဗီးယားလူတို့တွင် သူအလွန်လေးစားမိခဲ့သည့် စိတ်အေးချမ်းမှုနှင့်အတူ ကွယ်လွန်သွားခဲ့သည်။ သူသည် အင်္ဂလန်တစ်ခွင်၌ လူသိအများဆုံးနှင့် အချစ်ခံရဆုံးလူသား ဖြစ်ခဲ့သည်။ နောက်အပတ်တွင် ဝစ်ဆလီနှင့် သူ၏လုပ်ဆောင်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ပိုမိုလေ့လာရပါ မည်။

**လက်တွေ့ကျင့်သုံးရန်။** ကောင်းသောသက်သေခံဖြစ်ရန် လူတစ်ဦးသည် ဘုရားသခင်၌အဘယ်ကြောင့် ငြိမ်းချမ်းသောသူဖြစ်သင့်သနည်း။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၄း၁၈။



### အပိုအကြောင်းအရာပုံပြင်

“ဂျွန်ဝစ်ဆလီသည် ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးဂရုဏာတော်အားဖြင့် သေခြင်းမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့ရသည်။ လူထု၏ မထိန်းနိုင်သောအမျက်ဒေါသသည် သူ့အပေါ်သို့ ရောက်သောအခါ၊ သူသည် လွတ်မြောက်ရာနည်းလမ်းမရှိဟန် ရှိခဲ့၏။ သို့သော် လူသား သဏ္ဌာန်ရှိသော ကောင်းကင်တမန်တစ်ပါးသည် သူနားမှာ ရောက်လာသောအခါတွင် လူထုသည် လဲကျခဲ့ပြီး၊ သခင်ခရစ်တော်၏ အစေခံတည်းဟူသော ကောင်းကင်တမန်သည် သူ့အား အန္တရာယ်ရှိသောနေရာမှ ဘေးကင်းလုံခြုံရာနေရာသို့ ပို့ဆောင်ခဲ့လေ၏။” မဟာတိုက်လှန်ပွဲကြီး စာမျက်နှာ ၂၅၈၊ ၂၅၉ တွင် ဤအကြောင်းအရာပုံပြင်ကို ဖတ်ပါ။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

သားသမီးများသည် ကလေးများသာဖြစ်နေသရွေ့တော့ ပြဿနာမရှိပါ။ သို့သော် အချိန်တန်လျှင် သူတို့သည် ကြီးထွားလာသည်၊ အိမ်ထောင်ကျကြသည်၊ ထို့နောက် သူတို့ကိုယ်ပိုင်ကလေးများ ရရှိခဲ့ကြသည်။ သူတို့သည် အမှန်တကယ် အသင်းဝင်များမဟုတ်ခဲ့ကြသော်လည်း သူတို့သည် မိမိတို့၏ကလေးငယ်များကို ဗတ္တိဇံ (နှစ်ခြင်း) ခံစေချင်ခဲ့ကြသည်။ ထိုအရာသည်သာ ပြဿနာတစ်ခုဖြစ်ပါသည်။

ပျူရီတန်များက ဤအရာသည် ပြဿနာတစ်ခုဖြစ်သည်ဟု အဘယ်ကြောင့်ယူမှတ်ရသည့်အကြောင်းရင်းအားလုံးကို လေ့လာရန် ကျွန်ုပ်တို့အချိန်မပေးနိုင်ပါ၊ သို့သော် ထိုနည်းလမ်းကြောင့် သူတို့နားလည်ခဲ့သော (အမှန်တကယ် သူတို့နားလည်မှုလွဲမှားသော) ကလေးငယ်များကို ဗတ္တိဇံပေးခြင်းသည် သူတို့လက်၌ရှိသော ကြီးမားသောပြဿနာတစ်ခု ဖြစ်နေခဲ့သည်။ ထိုသို့အားဖြင့် သူတို့ ဘာလုပ်ကြဦးမည်နည်း။

အသင်းတော်တွင် လူငယ်များကို ထိန်းသိမ်းထားရန် နည်းလမ်းတစ်ခုရှာဖွေရန် ကြိုးပမ်းခြင်းသည် တစ်ဝက်ပဋိညာဉ်ဟု သူတို့ ခေါ်သော အရာတစ်ခုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အသင်းတော်သို့ လမ်းတစ်ဝက်ရောက်ချင်သောလူများအတွက်သာ ဖြစ်သည်။ ဤငယ်ရွယ်သော မိဘများကို အသင်းတော်ဝင်တစ်ဝက် ဖြစ်ခွင့်ပေးခြင်းအားဖြင့် သူတို့သည် ဆက်လက်၍ သူတို့၏ကလေးများအား ဗတ္တိဇံ ပေးနိုင်ခဲ့သည်။

သို့သော် ခရစ်ယာန်တစ်ဝက်ဖြစ်ခြင်းသည် အဘယ်သို့နည်း။ ရှင်မဿဲခရစ်ဝင် ၁၂:၃၀၊ ရှင်လုကာခရစ်ဝင် ၁၆:၁၃။

သူတို့သည် ၎င်းကို လုပ်ဆောင်သောအခါ ပျူရီတန်အမှုတော်ဆောင်များ ဖန်တီးပြုလုပ်ခဲ့သော တစ်ဝက်ပဋိညာဉ်သည် ၎င်း အတွက် အကူအညီဖြစ်စေဖို့ရန် ကြိုးပမ်းခဲ့သည်။ အသင်းတော်ဝင်ဖြစ်ရန်ပိုမိုလွယ်ကူစေခြင်းအားဖြင့် လူများစွာတို့သည် အနည်းဆုံး တစ်ဝက်အသင်းတော်ဝင်ဖြစ်ရန် ၎င်းက အားပေးလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြသည်။

သူတို့နားလည်ထားသည့် ကြီးမားသောနားလည်မှုလွဲမှားခြင်းနှစ်ခု (မွေးကင်းစကလေးများအား ဗတ္တိဇံပေးခြင်းနှင့် ကံကြမ္မာကို ကြိုတင်သတ်မှတ်ထားခြင်း) ကို မပြုပြင်ဘဲ ဖြစ်နိုင်သည်မှာ ၎င်းသည် သူတို့လုပ်နိုင်မည့် အကောင်းဆုံးအရာဖြစ်သည်။ သို့သော် အလုပ်မဖြစ်ခဲ့ချေ။ လူများစွာသည် တစ်ဝက်အသင်းဝင် မဖြစ်လိုကြပေ၊ လုံးဝနီးပါးမဖြစ်ချင်ခဲ့သူများသည် အသင်းဝင်အပြည့်အဝဖြစ်လာရန် မလွယ်ကူပါ။



**လက်တွေ့ကျင့်သုံးရန်။** ယနေ့လူအများသည် ဘုရားသခင်နှင့်ဝေးကွာသွားသောလူငယ်များအကြောင်းနှင့်ပတ်သတ်၍ စိုးရိမ်နေကြသည်။ တစ်ခါတစ်ရံမှာ၊ သူတို့သည် ပျူရီတန်များကဲ့သို့ ခရစ်ယာန် တစ်ဝက်ဖြစ်ဖို့ရန်အတွက် အသင်းတော်သို့ဝင်ရောက်ရန် ပိုမိုလွယ်ကူစေရန် နည်းလမ်းများရှာဖွေကြသည်။ သို့မဟုတ် ကွန်စတင်တိန်းခေတ်က ကက်သလစ်များနည်းတူ၊ သူတို့သည် အသင်းတော်တွင် မပြောင်းလဲသောလူများကို “အိမ်ကဲ့သို့သောစိတ်ခံစားချက်” ဖြစ်စေမည့်အပြောင်းအလဲများကို အကြံပြုကြသည်။ ထိုကဲ့သို့သော နည်းလမ်းများသည်လည်း အလုပ်မဖြစ်ခဲ့ပေ။

## အင်္ဂါနေ့ | ဟပ်စ်၏ဩဇာလွှမ်းမိုးမှု ၃

ဂျွန်ဟပ်စ်အကြောင်းလေ့လာခဲ့သည်ကို သင်သတိရပါသလား။ သူသည် ၁၄၁၅ ခုနှစ်၌ တိုင်ပေါ်မှာ မီးရှို့ခြင်းခံရသောအခါ ၎င်းက သူ၏လုပ်ဆောင်ချက်များသည် ဘာမျှဖြစ်လာလိမ့်မည်မဟုတ်ဟန် ရှိကောင်းရှိလိမ့်မည်။ စီဂမ်မွန်သည် သူ၏ဖောက်ဖျက်သော ကတိအပေါ် အရှက်တကွဲဖြစ်စေသည်ကလွဲ၍ ဟပ်စ်သည် မည်သည့်အရာများကို ပြီးစီးအောင်မြင်စွာ လုပ်ဆောင်ခဲ့သနည်း။

ဘုရားသခင်လူများ၏လုပ်ဆောင်ချက်သည် ထိုကဲ့သို့ မကြာခဏဖြစ်သည်။ သို့သော် ဘုရားသခင်သည် မည်သို့မိန့်တော်မူခဲ့သနည်း။ ဟေရှာယအနာဂတ္တိကျမ်း ၅၅:၁၁။

ဘိုဟီးမီးယားနှင့် မော်ရဗီးယားဒေသများ၌ များစွာသောလူများတို့သည် ဟပ်စ်ကြောင့် ကောင်းချီးမင်္ဂလာများခံစားခဲ့ရသည်။ တစ်စိတ်တစ်ဒေသအားဖြင့် သူသည် ဝေါလ်ဒင်းဆီးများမှ သူတို့ကြားခဲ့ပြီးသော သွန်သင်ချက်များကို သူတို့အား ပြန်သတိပေးခဲ့သောကြောင့် ဖြစ်သည်။ နှစ်ပေါင်းသုံးရာကျော်လုံးလုံး၊ ဘိုဟီးမီးယူးရှိလူများနှင့် မော်ရဗီးယားရှိလူများတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခက်ခဲဒုက္ခများကို ကြံကြံခံရင်ဆိုင်နိုင်ခဲ့သည်။ သို့သော် သူတို့သည် သူတို့လုပ်နိုင်သည့်အရာကို အကောင်းဆုံး ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ၁၇၂၂ ခုနှစ်၌ ဖြစ်ပျက်ခဲ့သောသူတို့၏အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာကြရပေမည်။ မော်ရဗီးယားရှိ ညီအစ်ကိုများ၏တစ်အုပ်စုသည် မိမိတို့၏ ဇာတိမြေကိုစွန့်ခွာပြီး ဂျာမနီ၊ ဆက်ဆန်နီ ဒေသ၌ ဟာရ်ဟပ်ကိုလိုနီ (Colony of “Herrnhut”) ကို တည်ထောင်ခဲ့သော အချိန်အခါဖြစ်သည်။ အသစ်သောကိုလိုနီများသည် မော်ရဗီးယား၌ရှိသောညှဉ်းဆဲခြင်းမှ ထွက်ပြေးလွတ်မြောက်ပြီး၊ တရားသူကြီး နီကောလတ်ဗိုဇင်ဇန်ဒေါ့ဖ် (Count Nicolaus von Zinzendorf) ပိုင်သောနယ်မြေဒေသများ၌ အခြေချနေထိုင်ရန် အခွင့်ရခဲ့ကြသည်။

ဇင်ဇန်ဒေါ့ဖ်သည် လူးသာရန် (လူးသာ၏နောက်လိုက်) တစ်ယောက်ဖြစ်သည်။ သို့သော် သူသည် အသင်းတော်ထဲသို့ ပို၍ ဝိညာဉ် ရေးရာပြည့်ဝသော အသက်တာယူဆောင်လာခြင်းကို အလွန်မြင်လိုသောဆန္ဒရှိသူ ဖြစ်သည်။ နောက်ဆုံးတွင်၊ အနာဗတ်ထစ်များ (Anabaptists) ကဲ့သို့ သူသည် အတင်းအဓမ္မအသင်းဝင်မှုရှိသောပြည်နယ်အသင်းတော်သည် ဝိညာဉ်ရေးရာခိုင်မာမှု ဘယ်တော့မှရှိမည် မဟုတ်ကြောင်း အသိအမှတ်ပြုသည်။ ယင်းကြောင့် သူသည် သူ့နယ်မြေအတွင်းတွင်ရှိသော မော်ရဗီးယားများအား အသင်းတော်အသစ်အဖြစ်မဟုတ်ဘဲ သန့်ရှင်းစင်ကြယ်သောအသင်းတော်အဖြစ်၊ “အသင်းတော်အတွင်းမှ အသင်းတော်အဖြစ်” လက်ခံခဲ့ခြင်း ဖြစ်သည်။

၁၇၂၇ ခုနှစ်တွင် ခိုင်မာသောဝိညာဉ်ရေး နိုးထမှုပြီးနောက် မော်ရဗီးယားရှိလူများတို့သည် ခရစ်ယာန်သာသနာပြုလုပ်ငန်းသို့ ခေါ်ဖိတ်ခြင်းခံရသည်ဟု ခံစားခဲ့ရသည်။ ၎င်းသည် ငွေနည်းနည်းသာရှိပြီး သူတို့အမှန်တကယ်ပိုင်ဆိုင်ခြင်းလည်းမရှိ၊ သူတို့ကိုယ်ပိုင်အိမ်လည်း မရှိသောအုပ်စုငယ်လေးအတွက်တော့ ကြီးမားသော ခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။ နောက်ဆုံးတွင် ၁၇၃၂ ခုနှစ်၌ ဆုများများ တောင်းပြီးသည့်နောက်၊ ၁၈ နှစ်အရွယ်ရှိသော လီယိုနာဒိုဘာ (Leonard Dober) အမည်ရှိသော အိုးထိန်းသမားကို စိန့်သောမတ်စ် (St. Thomas) ကာရဗိန်းကျွန်း (Caribbean Island) ပေါ်ရှိ ကျွန်များပြောင်းလဲခြင်းအတွက် အမှုတော်အလုပ် လုပ်ဆောင်ဖို့ရန် စေလွှတ်ခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** ဤသည်မှာ မျက်မှောက်ခေတ်သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ အသင်းတော် (အစိုးရမဟုတ်ဘဲ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မဟုတ်ဘဲ) သည် သာသနာပြုသူများကိုစေလွှတ်ရန် သခင်ယေရှု၏ဖိတ်ကြားချက်ကို အဖြေပေးခဲ့သည်။ တစ်စုံတစ်ဦးက သူ့အတွက် သာသနာပြုမဖြစ်ခင် သခင်ယေရှုသည် မည်မျှသောလေ့ကျင့်မှု တောင်းဆိုခဲ့သနည်း။ ရှင်လုကာ ခရစ်ဝင် ၈:၂၇-၄၀။

## ဗုဒ္ဓဟူးနေ့ | မော်ရဗီးယား၌ရှိသော သာသနာပြုသူများ ၄

လီယိုနာဒိုဘာသည် သူငယ်ချင်းဟောင်းတစ်ဦးဖြစ်ပြီး လက်သမားတစ်ဦးလည်းဖြစ်သော ဒေးဗစ်နစ်ချ်မန်း (David Nitschmann) နှင့်အတူ လိုက်သွားခဲ့သည်။ သူတို့နှစ်ယောက်သည် ကာရဘိန်းသို့သွားရန် ခြေလျင်ထွက်ခွာသည့်အချိန်၌ပင် ဒင်္ဂါးနှစ်ပြားသာ ရှိသောကြောင့် နစ်ချ်မန်းသည် သူ၏လက်သမားအလုပ်အားဖြင့် သင်္ဘောပေါ်တွင် သူတို့၏ခရီးစဉ်အတွက် အဆင်ပြေသွားခဲ့သည်။ တဖန်၊ သူတို့၏နေအိမ်အသစ်၌ နေထိုင်အခြေချလာသောအခါ သူသည် ပေးဆပ်သူများကို ငွေပေးနိုင်ခဲ့သည်။

ဘုရားသခင်က မိမိ၏လူတို့အား သူတို့၏သားသမီးများကို လက်တွေ့ကျသော ကုန်သွယ်မှုသင်ပေးရန် ဘာကြောင့် မိန့်မှာရကြောင်း သင်မြင်ပါသလား။ တမန်တော်ဝတ္ထု ၁၈:၂၊ ၃၊ ၂၀:၃၄၊ ၃၅၊ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၂:၉။

ဒေးဗစ်နစ်ချ်မန်းသည် ခရီးစဉ်အတွက် အမှန်တကယ် အကူအညီပေးခဲ့သည်။ သို့သော် အသင်းတော်သည် ဤပထမဆုံး သာသနာပြုလုပ်ငန်းကို လီယိုနာဘာလက်သို့ ကိုးစားအပ်နှံခဲ့သည်။ နစ်ချ်မန်းသည် ၄ လ ကျွန်းပေါ်မှာနေဖို့ရန် သွားခဲ့ခြင်းသာဖြစ်သည်။ ထို့နောက် လီယိုနာသည် သူ၏ကိုယ်ပိုင်ဘဝအသက်တာအားဖြင့် နေထိုင်ခဲ့သည်။

လီယိုနာသည် ကြံစိုက်ခင်းများရှိ ကျေးကျွန်များနှင့်အတူ အလုပ်လုပ်ကိုင်ခြင်းအားဖြင့်၊ သူတို့ကို ယေရှုခရစ်တော်အကြောင်း ပြောပြရန် အခွင့်အရေးရရှိခဲ့သည်။ ၎င်းသည် ကာယပိုင်းနှင့် စိတ်ပိုင်း နှစ်မျိုးစလုံးအတွက် ခက်ခဲသောအလုပ်ဖြစ်ခဲ့သည်။ ကျွန်များသည် မည်သည့်လူဖြူတစ်ဦးကိုမဆို အနည်းငယ်သာ ယုံကြည်စိတ်ချကြသည်၊ ကျွန်ပိုင်ရှင်များသည်လည်း သူတို့ကျွန်၏လုပ်ဆောင်မှုကို အနှောင့်အယှက်ပေးသောမည်သူ့ကိုမျှ ဂရုမစိုက်၊ စိတ်မဝင်စားကြပါ။

ကာရဘိန်းရှိကျေးကျွန်များသည် မည်သည့်နေရာတွင်မဆို အကြမ်းတမ်းဆုံးမှာ ရှိနေကြရသည်။ ကျွန်အသစ်များသည် အလွန်နည်းပါးသောငွေများသာ ရရှိနိုင်ခဲ့ကြသည်၊ သခင်များသည် မကြာခဏ သူတို့သေစေချင်သောသူများကို သတ်ပြီး၊ ထို့နောက် သူတို့နေရာတွင် ပြန်အစားထိုးလေ့ရှိသည်။ ကျေးကျွန်များသည် လက်ထပ်ထိမ်းမြားရန် သို့မဟုတ် မိသားစုများအားပြုစုပျိုးထောင်ရန် အသက်တာရှည်လျားစွာ နေထိုင်ရန် ခက်ခဲလှပါသည်။ ထို့ကြောင့် ၎င်းသည် ဧဝံဂေလိဟောပြောခြင်းအတွက် အလားအလာရှိသော နယ်ပယ် မဟုတ်ပါ။

ဖျားနာနေသော်လည်း၊ လီယိုနာသည် ဟာရီဟပ် (Herrnhut) မှ သာသနာပြုများထပ်၍မလာမချင်း သူ၏အလုပ်ကို ဆက်လက်လုပ်ခဲ့သည်။ မော်ရဗီးယားလူမျိုးများသည် အနောက်အိမ်ဒီးစ် (West Indies) တွင် မည်သည့်ဘာသာရေးအဖွဲ့အစည်းများမှ အကူအညီ မပါဘဲ နှစ်ပေါင်း ၅၀ တိုင်တိုင် အလုပ်လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် စိန့်သောမတ်စ်၊ စိန့်ခရွိုင်းခ်၊ စိန့်ဂျွန်စ်၊ ဂျာမိုင်က၊ အန်တီဂွ၊ ဘာဗဒိုးနှင့် စိန့်ကစ်စ် (St. Thomas, St. Croix, St. John’s, Jamaica, Antigua, Barbados, and St. Kitts) တို့တွင် အသင်းတော်များကို တည်ထောင်ခဲ့သည်။ အခြားအသင်းတော်မှ သာသနာပြုတစ်ဦးသည် ထိုနေရာ၌မလာမီ သူတို့တွင် နှစ်ခြင်းခံသော ဘာသာပြောင်းဝင် သူပေါင်း ၁၃၀၀၀ ရှိခဲ့သည်။

အခြား မော်ရဗီးယားများသည် ဂရိန်းလမ်း၊ စူးရင်နာမ်၊ တောင်အာဖရိက၊ ဂွင်းနီယာ၊ စင်လွန်၊ စိန့် ပီတာဘားချ်၊ ဘူချာရတ် နှင့် ကိုင်ရို (Greenlandı Surinam, South Africa, Guinea, Ceylon, St. Petersburg, Bucharest and Cairo) တို့တွင် သာသနာပြုလုပ်ငန်းကို ၁၅ နှစ်အတွင်းတွင် စတင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သာသနာပြုလုပ်ငန်းအတွက် ကျွန်ုပ်တို့သည် ကြီးမားစွာဆက်ကပ်နိုင်ပါသလား။ သင်သည် ယေရှုအကြောင်း တစ်ခါမျှ မကြားဖူးပါက အခြားသူများက သင့်အတွက် ဘာလုပ်စေချင်သနည်း။ ရှင်မာကုခရစ်ဝင် ၁၂:၃၀၊ ၃၁။

## ကြာသပတေးနေ့ | ပင်လယ်ပေါ်မှ မုန်တိုင်း ၅

မော်ရဗီးယား၌ သို့မဟုတ် ဆက်ဆန်နီ၌ သို့မဟုတ် ဝေးလံသော ဒေသများတွင် မော်ရဗီးယားလူမျိုး ခရစ်ယာန်သက်သေနှင့် ပတ်သက်၍ အကျော်ကြားဆုံးအကြောင်းအရာအဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်။ ၎င်းအဖြစ်အပျက်သည် သင်္ဘောပေါ်၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ ၎င်းသည် များ သောအားဖြင့် အမျိုးသမီးများနှင့်ကလေးသူငယ်များ၏ လုပ်ရပ်များမှ လာခြင်းဖြစ်သည်။

ကာရဘိန်း၊ အာဖရိကနှင့် ဥရောပတို့အပြင် မော်ရဗီးယားလူများသည် အမေရိကန်ကိုလိုနီများသို့ သာသနာပြုများကို စေလွှတ်ခဲ့သည်။ သူတို့၏ ထိုကဲ့သို့သောပထမဦးဆုံးအဖွဲ့အစည်းမှာ ဂျော်ဂျီယာ၌ရှိခဲ့၏။ ၎င်းသည် ၁၇၃၆ ခုနှစ်၌ဖြစ်ပြီး၊ မော်ရဗီးယားအုပ်စုတစ်စုသည် ဂျော်ဂျီယာ၊ ဆာဗန်နားချ်၌ရှိသော ကိုလိုနီသို့သွားသောလမ်း၌ပင် သူတို့သည် သခင်ယေရှုအတွက် သက်သေခံခဲ့ကြသည်။ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သွားနေစဉ် စင်မွန် (Simmonds) သင်္ဘောသည် မုန်တိုင်းများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ မုန်တိုင်းတစ်ခုသည် အထူးသဖြင့် သဲကြီးမဲကြီးဖြစ်ခဲ့သည်။

သို့သော် ဤအရေးကြီးသောအရာကို ပြုလုပ်ခဲ့သူမှာ မော်ရဗီးယားလူမျိုးတစ်ဦးမဟုတ်ဘဲ အခြားခရီးသည်တစ်ဦးလည်း ဖြစ်သည်။ သူ့အမည်မှာ ဂျွန်ဝစ်ဆလီဖြစ်သည်။ အင်္ဂလန်အသင်းတော်မှ ဘာသာရေးကိုင်းရှိုင်းသော လူငယ်သာသနာပြု ဂျွန်ဝစ်ဆလီ (John Wesley) သည် သူတို့နှင့်အတူ ခရီးထွက်ခဲ့သည်။ ၎င်းသည် သူ့အပေါ်ကြီးမားစွာ အကျိုးသက်ရောက်ခဲ့သည့် လေပြင်းမုန်တိုင်းမှ သူတို့၏သက်သေခံချက် ဖြစ်သည်။ သူ၏ဂျာနယ် (သတင်းစာ) ထဲတွင် သူရေးသားခဲ့သည်မှာ -

“[မော်ရဗီးယားလူတို့၏] အပြုအမူ၏ အလေးအနက်ထားခြင်းကို လေ့လာမတွေ့ရှိခင် ငါသည် အချိန်ရှည်ကြာစွာ နေခဲ့ပြီ။ သူတို့၏နူးညံ့သိမ်မွေ့နှိမ့်ချမှုသည် အစဉ်အမြဲသက်သေပြခဲ့သည်... နေ့တိုင်း [သူတို့ပြသခဲ့သော] သည် မည်သည့်ထိခိုက်မှုမျှ မလုပ်ဆောင်နိုင်သည့်နူးညံ့သိမ်မွေ့ခြင်း ဖြစ်သည်။ အကယ်၍ သူတို့ကိုတွန်းချ၊ ရိုက်နှက် သို့မဟုတ် တွန်းချခဲ့လျှင်၊ သူတို့သည် တဖန်ထလာပြီး၊ အဝေးကို သွားခဲ့ကြသည်။ သို့သော်လည်း၊ သူတို့၏နှုတ်၌ အပြစ်တင်ခွင့်တစ်စုံတစ်ခုမျှ မရှိချေ။”